# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 6 , 2023 Volume 72, Number 4

၆.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၈၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ထီးတန်းဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များနှင့် မြန်မာအပြည်အပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနသို့ ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များ၌ စားသုံးဆီများ သိုလှောင်ထားရှိမှုအခြေအနေများ၊ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ စားသုံးသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းပဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းဒေါင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနရှိ အသေးစားနှင့်အလတ်စား ထုတ်ကုန်ပစ္စည်းများပြခန်းနှင့်ရုံးအဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ပါသည်။ အဆိုပါ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ပြန်လည်မွမ်းမံမှုမှာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြီးစီးမည်ဖြစ်ပြီး အသေးစားထုတ်ကုန်ပစ္စည်းပြပွဲများ၊ ဆွေးနွေးပွဲများနှင့်သင်တန်းများကို စနစ်တကျကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်းအနီးတွင်တည်ရှိသော မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Limited-MITS) သို့ ရောက်ရှိ စစ်ဆေးပြီး သွင်းကုန်ပစ္စည်းများအတွက် ပြည်တွင်းစားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရေး အရည်အသွေး မှန်ကန်စွာစစ်ဆေးရန်၊ ပြည်ပပို့ကုန်များတင်ပို့ရာတွင် နိုင်ငံ့ဂုဏ်သိက္ခာမြင့်တင်နိုင်ရေးအတွက် ပို့ကုန်များကိုသတ်မှတ်အရည် အသွေးပြည့်မီစေရေး စနစ်တကျစစ်ဆေးရန်နှင့် စစ်ဆေးမှုများကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration - FDA) နှင့် ပေါင်းစပ် ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://commerce.gov.mm

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၃ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်ဆန်များ တင်ပို့ခဲ့ပြီး၊ ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၉၇၄၄၂၀.၆၁၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၅၆၇၈၅၀.၃၃၀ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၀၆၅၇၀.၂၈၀ ကန်ဒေါ်လာတန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရ ပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၃ ရက်နေ့အတွင်း လယ်ထွန်စက်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ လုပ်ငန်းသုံးအခြား ပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ ပလပ်စတစ်ပိုက်၊ စက်ဘီး၊ ကုန်ထုတ်စက္ကူများ၊ ကုန်ထုတ်စက္ကူနှင့်ပန်းသီးများတင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၁၂၀၁၂၂၇.၇၃၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၈၁၆၃၁၂.၉၄၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၈၄၉၁၄.၇၉၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၂၂၆၈၀၇.၁၂၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆.၅၃ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ဈေးဆက်တိုက်မြင့်တက်လာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ပဲစင်းငုံကတော့ ဈေးငြိမ်နေဆဲ

မတ်ပဲက ခုတစ်ပတ်မှာလည်း ဈေးထပ်မံမြင့်တက်လာပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပွဲတော်ကာလဖြစ်လို့ မတ်ပဲ လိုအပ်ချက်ကြောင့် အဝယ်သွက်နေပြီး၊ ပြည်တွင်းမှာလည်း မတ်ပဲလက်ကျန်နည်းတဲ့အတွက် မတ်ပဲဈေးကဆက်တိုက် မြင့်တက်လာနေတာဖြစ်တယ်လို့ သိရပါတယ်။

"မတ်ပဲက အိန္ဒိယဘက်က လိုအပ်ချက်ရှိတော့ အဝယ်လိုက်လို့ဈေးကောင်းလာတယ်။ အစက FOC ၉၀၀ ကျော်ပဲ ရှိတာ၊ အခု ၁၀၀၀ ကျော်အထိပေးလာတော့ ဈေးကတက်လာတာပေါ့။ အခုက လက်ကျန်ကလည်းအရမ်းနည်းသွားပြီ မရှိတော့ဘူး၊ ဒီဈေးထက်တော့ ထပ်တက်ဖို့သိပ်မရှိပါဘူး၊ အခုကိုက အမြင့်ဈေးတန်းဖြစ်နေတာပါ" လို့ ကုန်သည်တစ်ဦးက သုံးသပ် ပြောပါတယ်။




အိန္ဒိယဘက်က မတ်ပဲလိုအပ်ချက်ရှိနေတာကြောင့် လာမယ့်မတ်ပဲအသစ်တွေပေါ်ချိန်ဖြစ်တဲ့ မတ် ၊ ဧပြီလရောက်ရင်လည်း မတ်ပဲဈေးတန်းက တအားကြီးကျဆင်းနိုင်မယ့်အခြေအနေမရှိဘူးလို့ သိရပါတယ်။ ဒါပေမယ့် အခုနှစ်မှာ မိုးများလွန်းတဲ့အတွက် စပါးရိတ်ပြီးသော်လည်း လယ်ခင်းထဲမှာ ရေတွေမခမ်းတာကြောင့် မတ်ပဲစိုက်ပျိုးမှုနောက်ကျနိုင်တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၂၈၂၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၁၀၄၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်၊ FOB ပေါက်ဈေးက အမေရိကန်ဒေါ်လာ ၁၀၈၀ မှ ၁၁၀၀ ရှိပြီး တစ်တန်ကို ၃၅ ဒေါ်လာ မြင့်တက်လာပါတယ်။ SQ ကလည်း တစ်တန်ကို သိန်း ၃၂၀၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၉၄၀၀၀ ဈေးမြင့်တက်လာပါတယ်။

မတ်ပဲ (RAW) ကတော့ တစ်ပိဿာကို ၄၈၃၀ မှ ၄၈၇၀ ရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးမြင့်တက်လာပြီး နယ်ဈေးကွက်တွေမှာလည်း မတ်ပဲက တစ်တင်းကို ၉၄၈၀၀ အထိ ရှိလာပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်ဈေးကွက်မှာ အောက်တိုဘာလက ဖြစ်ပေါ်ခဲ့တဲ့အမြင့်ဈေးတန်းမှာပဲ ဈေးငြိမ်နေဆဲဖြစ်ပါတယ်၊ ပဲစင်းငုံနီက ပြည်တွင်းမှာ လက်ကျန်မရှိသလောက်နည်းနေတာကြောင့် အရောင်းအဝယ်အေးနေပေမယ့် ပစ္စည်းလက်ကျန်မရှိတဲ့အတွက် ဈေးတန်းကကျမသွားဘဲ အမြင့်ဈေးမှာပဲ ငြိမ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပဲစင်းငုံနီအသစ်တွေကလည်း မကြာခင်ရိတ်သိမ်းကြတော့မှာဖြစ်ပြီး ပဲအသစ်တွေပေါ်ရင်လည်း ဈေးတန်းက ကျဆင်းနိုင်မယ့် အခြေအနေမရှိဘူးလို့ သိရပါတယ်။ "ခုတောင် တစ်သိန်းကျော်တယ်လေ၊ ပဲစင်းငုံနီကို ဟိုဘက်ကလည်း ထပ်မဝယ်တော့ဘူး၊ ဒီမှာလည်း ပဲမရှိမှန်းသိတယ်၊ ဒါကြောင့်ထပ်မတက်တာ ၊ ဒီဈေးထက် ထပ်တက်ဖို့ကခက်မယ်၊ ပဲစင်းငုံကတော့ ရှေ့တစ်လလောက်ထွက်မယ်၊ ထွက်လာလည်းဈေးကတန်းမကျလောက်သေးဘူး ဟိုဘက်မှာက လိုအပ်ချက်ကရှိနေသေးတော့လေ၊ ဧပြီ မေလလောက်မှ ဈေးတန်းကကျနိုင်မယ်"လို့ ကုန်သည်တစ်ဦးက သုံးသပ်ပြောပါတယ်။

ခုတပတ် ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ(RC) တစ်တန်ကို သိန်း ၄၀၇၅၀၀၀ ပေါက်ဈေးရှိပြီး FOB ပေါက်ဈေးကလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၃၅၀ မှ ၁၃၇၀ ရှိနေပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပြီးခဲ့တဲ့ရက်က ပဲစင်းငုံနီအသစ်ကို ၃၄၀၀၀၀ အထိ ဈေးဖွင့်ထားပေမယ့် နိုဝင်ဘာလ အစမှာတော့ ဈေးဖွင့်ထားခြင်းမရှိပါဘူး။

ပြည်တွင်းစားတော်ပဲက ဈေးငြိမ်နေ ပြည်ပအဝင် ကနေဒါစားတော်ပဲကတော့ ဈေးထပ်တက်လာပါတယ်။ ဈေးကွက်အတွင်း ပြည်ပအဝင် ကနေဒါစားတော်ပဲကများပေမယ့် ပြည်တွင်းစားတော်ပဲကတော့ လက်ကျန်မရှိတဲ့အပြင် အရောင်းအဝယ်လည်းမရှိတာကြောင့် ဈေးကျဆင်းနေတာ ဖြစ်တယ်လို့သိရပါတယ်၊ ဒါကြောင့် ကနေဒါပဲက အဝယ်သွက်နေပြီး ဈေးကောင်းရရှိနေတာဖြစ်တယ်လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာ ကနေဒါစားတော်ပဲတွေကတော့ တစ်အိတ်ကို ၂၄၅၀၀၀ ရှိပြီး တစ်အိတ်ကို ၃၀၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။ ပြည်တွင်းစားတော်ပဲကတော့ တစ်အိတ်ကို ၃၂၀၀၀၀ မှ ၃၃၀၀၀၀ ကျပ်ရှိပြီး ဈေးငြိမ်နေပါတယ်။

နှမ်းမျိုးစုံကလည်း အရင်က နှမ်းကို တရုတ်ဘက်က အက်ဆစ်အောင်တဲ့နှမ်းကိုသာ ရွေးပြီးဝယ်ယူတာကြောင့် အက်ဆစ်အောင်မိုးနှမ်းက ဈေးကောင်းရပြီး ကျန်တဲ့အက်ဆစ်မအောင်တဲ့နှမ်းက ဈေးနှိမ်ဝယ်ယူခံရလို့ ဈေးကျခဲ့ပါတယ်။ လက်ရှိမှာတော့ တရုတ်ကို နှမ်းတင်ပို့နိုင်ခြင်းမရှိလို့ ဈေးတန်းက ကျနိုင်တယ်လို့ သိရပါတယ်။

ယခုတပတ် မန္တလေးဈေးကွက်မှာ နှမ်းနက်(စမုံ)က တစ်အိတ်ကို ၃၃၀၀၀၀ ကျပ် ရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဝန်းကျင်ဈေးတက်သွားပြီး နှမ်းဖြူ(ရိုးရိုး) ကတော့ တစ်အိတ်ကို ၃၄၅၀၀၀ မှ ၃၇၀၀၀၀ ရှိပြီး တစ်အိတ်ကို ၃၅၀၀၀ ကျပ်တက်လာပါတယ်။ နှမ်းဖြူ(ဂျပန်)ကတော့ တစ်အိတ်ကို ၃၇၀၀၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ နှမ်းညိုကတော့ဈေးကွက်ထဲအဝင်များပြီး တစ်အိတ်ကို ၂၇၀၀၀၀ မှ ၂၇၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

ပဲတီစိမ်းကလည်း တရုတ်နဲ့ဥရောပနိုင်ငံတွေကိုအဓိကတင်ပို့ရပြီး အဝယ်သွက်ရင် ဈေးကောင်းရကာ အဝယ်အေးရင် ဈေးတန်းက အေးသွားတဲ့အခြေအနေရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ ပဲတီစိမ်းကလည်း တရုတ်ဘက်ကို နယ်စပ်ဂိတ်ပေါက်ကနေ တင်ပို့နိုင်ခြင်းမရှိဘဲ ဥရောပနိုင်ငံတွေကိုသာ တင်ပို့နိုင် လို့ ဈေးတန်းက အရင်တပတ်က ဈေးမှာပဲ ဆက်ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါ ၃၆၃၀ ကျပ်၊ ပဲတီစိမ်းပဲခူးရွှေဝါက ၃၄၆၅ ကျပ်နဲ့ ပဲတီစိမ်းဝါးခယ်မက တစ်ပိဿာ ၃၃၀၀ ကျပ်ပေါက်ဈေးရှိနေပါတယ်။ မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်းအညာ ၁၆၅၀၀၀ ကျပ်နဲ့ ပဲတီစိမ်း ရွှေဝါက ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ကျပ်ရှိနေပါတယ်။

**Source:** https://t.me/htwettoe

## ပို့ကုန်မတ်ပဲ ဆက်လက်စံချိန်တင်ဈေးမြင့်တက်နေ



ပို့ကုန်မတ်ပဲဈေးဆက်လက် စံချိန်တင် ဈေးမြင့်တက်၍ အဝယ်ကောင်းနေသော်လည်း ပြည်တွင်းသုံးပဲများ ပုံမှန်ဈေးသာအရောင်းအဝယ်ရှိနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပဲတီစိမ်းဈေးမှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိတာကြောင့် ဈေးကျဆင်းနေရာ လှောင်လက်သမားအချို့ အဝယ်ရှိနေခြင်းကြောင့်ဖြစ်သည်။

ပို့ကုန်မတ်ပဲဈေးမှာ အောက်တိုဘာလကုန်ပိုင်း ရက်များကတည်းက ဈေးမြင့်တက်နေရာမှ နိုဝင်ဘာလဆန်းပိုင်းတွင် ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ပဲစင်းငုံမှာ ပြည်တွင်းလက်ကျန်နည်းလာတာကြောင့် ဈေးကောင်းသော်လည်း အရောင်းအဝယ်ပမာဏ အနည်းအငယ်သာရှိကြောင်း မြေပဲဆန်ဈေးမှာ ကျဆင်းနေတာကြောင့် ဆီစက်ပိုင်များ အဝယ်ကောင်းနေကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။ "လက်ရှိနိုင်ငံရေးအခြေအနေအရ တရုတ်လိုင်းသွားတဲ့ ပဲတွေအကုန် အရောင်းအဝယ်အေးသွားတယ်။ ပဲတီစိမ်းဈေးက ပိုကျသွားတော့ လှောင်သမားတွေ အဝယ်ရှိလာတယ်။ နှမ်းမျိုးစုံလည်း ဈေးကျတယ်။ တရုတ်ပြည်က ပြန်ဝင်တဲ့ ကနေဒါစားတော်ပဲ က ဈေးပြန်တက်လာတယ်။ ပြည်တွင်းသုံး ကုလားပဲတွေကတော့ ပုံမှန်ဈေးတန်းပဲ ရှိနေပါတယ်။ မတ်ပဲကတော့ ဆက်လက်စံချိန်တင် ဈေးမြင့်တက်လာပါတယ်။ ပဲစင်းငုံကတော့ လက်ကျန်နည်းလာတော့ အဝယ်ခက်ပါတယ်။ မြေပဲဆန်ကတော့ ပြည်တွင်းဆီ စက်ပိုင်တွေ အဝယ်ကောင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၂ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ် လျှင် ငွေကျပ်၂၈၅၀၀၀ ပေါက် ဈေးဖြင့် ဆက်လက်စံချိန်တင်ပေါက်ဈေးဖြစ်လာပြီး ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ထိ ဈေးမြင့်တက်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး နိုဝင်ဘာ ၂ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊V7 တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၂၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၃၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ပေါက်ဈေးရှိသည်။ နှမ်းမျိုးစုံ ဈေးကွက်မှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိတာကြောင့် ဈေးကျဆင်းလျက်ရှိရာ နှမ်းဖြူ (ဂျပန်)၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို(သစ်)တစ်အိတ်လျှင် ငွေကျပ်၂၇၅၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၉၇၄၄၂၀.၆၁၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၂၀၁၂၂၇.၇၃၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်ဆန်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၆၁၄၁၁၄.၂၄၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၆၀၃၀၆.၃၇၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ လုပ်ငန်း သုံးအခြား ပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ ပလပ်စတစ်ပိုက်၊ စက်ဘီး၊ ကုန်ထုတ်စက္ကူများ၊ ကုန်ထုတ်စက္ကူနှင့်ပန်းသီးများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၉၈၅၉၂.၃၈၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၉၀၂၆၃၅.၃၅၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၉ ယွမ် ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆.၅၃ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ကြံတစ်တန် စက်ရုံအရောက် ငွေကျပ် ၁၅၀၀၀၀ ထိ စံချိန်တင်ဈေး ထပ်မံတိုးမြှင့်ပေးလာ

ကြံတစ်တန် စက်ရုံအရောက် ငွေကျပ် ၁၅၀၀၀၀ ထိ စံချိန်တင်ဈေးဖြင့် ရွှေညောင် မြဘုရင်သကြားစက်က ထပ်မံတိုးမြှင့်ပေးလာကြောင်းသိရသည်။

မြန်မာနိုင်ငံ၊ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ပြည်တွင်းသကြားစက်များမှ ကြံတစ်တန် ငွေကျပ် ၁၁၀၀၀၀ မှ ၁၃၀၀၀၀ ကြား အခြေခံဈေးထားပြီး တောင်သူများထံမှဝယ်ယူရန် ညှိနှိုင်းတောင်းဆိုမှုကြောင့် ကြံတစ်တန် ငွေကျပ် ၁၃၀၀၀၀ ထိ ထပ်မံတိုးမြှင့်ဝယ်ယူမည်ဖြစ်သည်။

ကြံရာသီနီးလာတာကြောင့် သကြားစက်ရုံများက နယ်မြေအလိုက် ကြံတစ်တန်ဈေးတိုးမြှင့်ပေးဝယ်လာရာ ၂၀၂၃-၂၀၂၄ ရာသီအတွက် ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၁၃၀၀၀၀ အထိ တတိယအကြိမ် ထပ်မံတိုးမြှင့်ဝယ်ယူလာခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ကြံစိုက်ပျိုးရာသီတွင် စက်တင်ဘာလအတွင်းက ကြံတစ်တန် ငွေကျပ် ၁၁၀၀၀၀၊ အောက်တိုဘာလတွင် ၁၂၀၀၀၀၊ နိုဝင်ဘာလ ဆန်းပိုင်းတွင် ၁၃၀၀၀၀ ထိ တိုးမြှင့်ဝယ်ယူမည်ဖြစ်ပြီး ရွှေညောင်မြဘုရင်သကြားစက်က ကြံတစ်တန် ငွေကျပ် ၁၅၀၀၀၀ ထိ စံချိန်တင် အမြင့်ဆုံးဈေးဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက်က ကြေငြာချက် ထုတ်ပြန်ထားသည်။

လက်ရှိ ပြည်တွင်းသကြားဈေးမှာ နိုဝင်ဘာလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ဝန်းကျင်ခန့် ပေါက်ဈေးရှိနေပြီး ပြည်တွင်းသကြားဈေးမှာ အနည်းငယ်ကျဆင်းသည်။ ကြံစိုက်တောင်သူများအနေဖြင့် သွင်းအားစုလုပ်သားစရိတ် စက်သုံးဆီဈေး၊ မြေသြဇာဈေးများ မြင့်တက် နေတာကြောင့် စိုက်ပျိုးစရိတ်မြင့်မားလာတာကြောင့် ကြံတစ်တန်ဈေး ငွေကျပ် ၁၅၀၀၀၀ မှာ သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်ကြောင်း ကြံတောင်သူ ဦးချိုတူးကပြောသည်။ “လုပ်သားစရိတ် စက်သုံးဆီဈေးတွေ၊ မြေဆီဈေးတွေ တစ်နှစ်ထက်တစ်နှစ် ဈေးမြင့်လာတာလို့ စိုက်ပျိုးစရိတ်လည်း မြင့်တက်လာပါတယ်။

ကြံတစ်တန်ဈေးက ငွေကျပ် ၁၅၀၀၀၀ ဆိုတာ လက်ရှိသကြားပေါက်ဈေးဖြင့် တွက်ချက်လျှင် သင့်တင့်မျှတသည့်ဈေး ဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

**Source: မကွေးဂျာနယ်**

## ထိုင်းနိုင်ငံ သကြားစိုက်တောင်သူများက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြောကြား

ထိုင်းနိုင်ငံအတွင်း မြင့်တက်လာသည့် သကြားဈေးနှုန်းကိုပြင်ဆင်သည့် အစိုးရ၏ဆုံးဖြတ်ချက်ကြောင့် ကြံစိုက်တောင်သူများက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံလိုခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တောင်သူများက သကြားဈေးနှုန်းကို ထိန်းချုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးခံစားရမည့်သူများကို သိလိုကြကြောင်း၊ စက်ရုံထုတ်သကြားဈေးနှုန်းကို ထိန်းချုပ်လိုက်ပါက အကျိုးခံစားခွင့်ရရှိမည့်သူများသည် သကြားကို ကုန်ကြမ်းအဖြစ် အသုံးပြုသည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ ကမ္ဘာ့သကြားထုတ်လုပ်မှုနှင့် တင်ပို့မှုတွင် အကြီးဆုံးနိုင်ငံများထဲမှ ဖြစ်သော ဘရာဇီးနိုင်ငံက ထိုင်းနိုင်ငံအစိုးရသည် ကြံစိုက်ပျိုးရေးနှင့်သကြားထုတ်လုပ်မှုတွင် တရားမမျှတစွာ ထောက်ပံ့နေသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားခဲ့ပြီးနောက် ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ဈေးကွက်မှ သကြားဈေးနှုန်း သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ဈေးကြီးသော ဓာတ်မြေသြဇာကြောင့် စိုက်ပျိုးစရိတ်များ ကြီးမြင့်လာသော်လည်း ထိုအချိန်က နိမ့်ကျနေသည့် ကမ္ဘာ့ဈေးကွက် သကြားဈေးကို တောင်သူများက လိုက်နာကြကြောင်း ထိုင်းနိုင်ငံ ကြံစိုက်ပျိုးသူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Narathip Anantasuk က ပြောကြားခဲ့ပါသည်။

ယခုအခါတွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၂၇-၂၈ ဘတ် ဖြစ်နေပါကြောင်း၊ ထိုင်းအစိုးရက ပြည်တွင်း သကြားဈေးကို အနိမ့်တွင်ထားရန် ကြိုးစားနေပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေခြင်းသည် တောင်သူများအပေါ် မမျှတပါကြောင်း၊ ဈေးကွက်နည်းလမ်းကို နှောင့်ယှက်သည့် ပုံစံမျိုးဖြစ်နေပါကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ ကြံစိုက်တောင်သူများအား အစိုးရ၏ ဆောင်ရွက်ချက်အပေါ် တုန့်ပြန်သွားရန် ပြောကြားလိုကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

စိုက်ပျိုးစရိတ် ကြီးမြင့်လာသည့်အပေါ် ရုန်းကန်နေရသည့် တောင်သူများ၏ ခံစားချက်များကို မျှဝေလိုပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူများအတွက် လိုအပ်သောကုန်ပစ္စည်းများ၏ ဈေးနှုန်းများပြင်ဆင်ရန် လိုအပ်သည်ကိုနားလည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနက တောင်သူများ၏ဒုက္ခများ ဖြေလျှော့စေမည့် နည်းလမ်းများ ရှာဖွေသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနဝန်ကြီး Ms. Pimphattra Wichaikul က ဖြည့်စွက်ပြောကြားပါသည်။

တောင်သူများကို လျော်ကြေးပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရန် အစိုးရအဖွဲ့က သဘောတူခဲ့ပါကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Mr. Rudklao Suwankiri က ပြောကြားပါသည်။ မိုးရွာသွန်းမှုလျော့နည်းလာ ခြင်းကြောင့် ၂၀၂၃-၂၀၂၄ ကြံစိုက်ပျိုးရာသီတွင် ကြံအထွက်နှုန်း လျော့နည်းနိုင်ကြောင်း၊ စိုက်ကေနည်းပါးသော တောင်သူများ၏ ဝင်ငွေသာမက နိုင်ငံ၏ သကြားထုတ်လုပ်မှုနှုန်းကိုလည်း ထိခိုက်နိုင်ကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ခန့်မှန်းထား ပါသည်။

**Source: www.bangkokpost. gov**

**(ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

# STOCK EXCHANGE (6.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,421 (Shares) | 15,159,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 596 | 5,183,000 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 2,585 | 7,499,950 | 38,929,150 | 114,841 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 146 | 248,200 | 29,664,613 | 50,430 |
| TMH | 00005 | 2,550 | +150 | +6.25% | 2,450 | 2,550 | 2,450 | 18 | 44,200 | 12,823,224 | 32,699 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,050 | 863 | 1,775,150 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,700 | 4,900 | 4,700 | 12 | 57,400 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,800 | 1,800 | 1,750 | 201 | 351,800 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.29 | +1.81 | +0.49% | 369.46 | 372.29 | 368.93 | 4,421 | 15,159,700 | 8 | 702,201 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 4,421 (Shares) | 15,159,700 (MMK) |

### Main Board

As of 1:00 pm, 6th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,421 (Shares) | 15,159,700 (MMK) |

| MYANPIX | 372.29 ▲ 1.81 |
|---|---|
| Total Volume (shares) | 4,421 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,201 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,550 | ▲ 150 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |